## ရွှမဝ ဆုရွေးချယ်ရေးအဖွဲ့၏
## ဝေဖန်သုံးသပ်ချက်

၁၉၅၄-၅၅ ခုနှစ် အတွက် တတိယအကြိမ်မြောက် ရွှမဝ ၁၀၀ဝိ ဆု ဝတ္ထုပြိုင်ပွဲအတွက် ဝတ္ထုပေါင်း (၂၁) ပုဒ် ရရှိပါသည်။ ထိုမျှ အားကြိုးမာန်တက် ရှိကြသဖြင့် စာပေတိုးပွားခြင်း လက္ခဏာ ဟူ၍ ဝမ်းမြောက် ကျေးဇူးတင်ရပေသည်။

ယခုနှစ် ဝတ္ထုများအနက် ခါတိုင်း နှစ်ကကဲ့သို့ပင် ယနေ့ခေတ် အဖြစ်အပျက်ကို နောက်ကားခံ၍ထားသော ဝတ္ထုများ ပါဝင်သည်။ "ယနေ့ခေတ် အဖြစ်အပျက်" ဆိုရာတွင် ပြည်ထောင်စု လွတ်လပ်ပြီးသည့်နောက် ထကြွနေသော ပြည်တွင်းစစ်၊ နိုင်ငံရေး လှုပ်ရှားမှု စသည်များကို မမေ့မချန်ကြဘဲ သတိမူသည်ကို ဆိုခြင်း ဖြစ်သည်။ "စာပေသည် ခေတ်ပြကြေးမုံ" ဟူသော သဘောအသိကို ကလောင်သစ်များ ထားရှိသည်ကို သိရသဖြင့် သရုပ်ဖော် စာပေဘက်သို့ ရှေးရှုနေကြောင်းမှာ ထင်ရှားနေသည်။

သို့သော် ... ဝတ္ထုရေးခြင်း အတတ်ပညာအရာ၌ကား များစွာမှ လိုနေပေသေးသည်။ ပွတ်သိပ်စုခဲ၍ အတင်း ထိုးသိပ် ထည့်ထားသည့်လက်ရာများ ဖြစ်နေကြသည်။ အချို့ ဝတ္ထုများဆိုလျှင် စကားပြောပုံ ဖော်ပြရာတွင် ပြောစကားများကို ကော်မာ ("......") များဖြင့်ပင် မခွဲခြားထားတော့ဘဲ တစ်ဆက်တည်း၊ တစ်ကြောင်းတည်း ရေးချထား၍ ဖတ်သူက ဘာပြောသည်ကို မနည်းတွေးတော ရှင်းလင်း ဖတ်ယူရသည်။ ဤသည်ကိုထောက်၍ ယနေ့ ခေတ်ပေါ်စာပေကို လေးနက်စွာ လေ့လာခြင်း နည်းပါးကြောင်း အကဲခတ်နိုင်သည်။ ဝတ္ထုရေးတတ်လိုသူသည် ဝတ္ထုများကို လေ့လေ့လာလာ ဖတ်ရှုကာ ဝတ္ထုရေးခြင်း အတတ် နည်းနာကို စူးစမ်းရှာဖွေအပ်လေသည်။ "ကဗျာစပ်တတ်လိုလျှင် ကဗျာတစ်ပုဒ်ကို အလွတ်ကျက်၍ ခွဲစိတ်ကြည့်ပါ" ဟူသော စကားရပ်ကို သတိမူသင့်လှပေသည်။ စက်တစ်ခုကို ဖြုတ်၍ ဖျက်ကြည့်လျှင် သူ့အတတ်ကို သိနိုင်သည်။

ယနေ့ခေတ် အခြေအနေကို နောက်ခံကား ထားရာတွင် ကလောင်သစ်များသည် မိမိတို့ ကြုံတွေ့ ခံစားရချက်ကို ဖော်ပြကြသည်။ ထို့ကြောင့် တစ်ဖက်သတ် စွပ်စွဲခြင်းများ သိပ်မပါ။ ဆိုလိုသည်မှာ အပြင်ပမှ လှမ်းမြင်ခြင်း မဟုတ်ဘဲ၊ မိမိကိုယ်တိုင် ကြုံတွေ့ရသည်များကို ဖော်ပြကာ ခံစားရသမျှကို ရေးချဟန် ရှိသည်။ ဝတ္ထုတစ်ပုဒ်မှာ ဂျပန်ခေတ်မှ စ၍ မိမိ အမျိုးသား လွတ်လပ်ရေးအတွက် ကြိုးပမ်းသော လူငယ်တစ်ဦး၏ ဇာတ်ကြောင်းကို ရေးထားသည်။ ယင်းလူငယ်မှာ ကွန်မြူနစ် ဘဝဖြင့် ဆန့်လှုရင်း ထောင်ကျသွားကာ နောက်ဆုံး၌ သေသည်၊ ရှင်သည် မသိရဘဲ အစပျောက်သွားရှာသည်။ လွမ်းသူ့ပန်းခွေ၊ ယောဉ်ကျူးခြင်း မပါ၊ မည်သူမျှ မသိလိုက်ရဘဲ အညတရ အဖြစ် မိမိတိုင်းပြည် လွတ်လပ်ရေးအတွက် ကြိုးပမ်းရင်း ဘဝဆုံးရပုံကို ရိုးရိုးပင် ဖော်ပြထားသည်မှာ ကြေကွဲဖွယ်ရာ ကောင်းလှသည်။ သို့သော် ဖော်ပြပုံမှာ လွန်ခဲ့သော အနှစ် ၂၀ ကျော်လောက် ခေတ်နောက်ကျနေသော နည်းဖြင့် ရေးသား၍ စံမမီ ဖြစ်နေရရှာသည်။ ယင်းသို့လျှင် အကြောင်းအရာ ကောင်းသော်လည်း ရေးခြင်းအတတ် (ဝါ) ဖော်ပြပုံ ဝတ္ထုသဏ္ဌာန်၌ အားနည်းလှ၍ စဉ်းစားရာ၌ မပါရခြင်း ဖြစ်ပေသည်။

နောက်တစ်ချက် တွေ့ရသည်မှာကား "သဘာဝ ကျလွန်းခြင်း" ဖြစ်သည်။ အနုပညာ ဆိုသည်မှာ စိတ်ကူး ပညာတစ်ရပ် ဖြစ်သည်။ စိတ်ကူးမှတစ်ဆင့် တီထွင် ဆန်းသစ်ရခြင်း ဖြစ်သည်။ ဝတ္ထုသည် တကယ့် ကိုယ်တွေ့ အဖြစ်အပျက်၊ သို့မဟုတ် လူ့ဘောင်ကြီး၏ ဖြစ်တတ်ရာ၊ ပျက်တတ်ရာကို အခြေပြု၍ ရေးသားရသည်ကား မှန်သည်။ သို့သော် တကယ့် သဘာဝ အတိုင်း အပ်ကျမပ်ကျ တိတိကျကျ နေ့စဉ်မှတ်တမ်းကဲ့သို့ ဖော်ပြရန်မလို။ ဥပမာ–ထမင်းစားပြီး လက်ဆေး–ရေသောက်–ပလုတ်ကျင်း စသည်ဖြင့် စိတ်ရန်မလို။ ယင်းသို့ သဘာဝအတိုင်း ပြင်ပြင်ကြီး ရေးခြင်းသည် အနုပညာဟု မခေါ်နိုင်။ စိတ်ကူးမှု မပါ။ မိမိ ဆိုလိုရင်းအချက်အား ထောက်ပံ့သည့် အပြုအမူများကို မိမိ၏ စိတ်ကူး၌ တစ်ဖန် ထင်မြင်ကာ ရွေးချယ်ကောက်နုတ်၍သာလျှင် ရေးအပ်ပေသည်။ သဘာဝကျလွန်းခြင်းကြောင့် ရှည်လျားငြီးငွေ့ဖွယ်ရာ ကောင်းတတ်သည်။ "တလွဲဆံပင်ကောင်း" နေ၍ အကျိုးမရှိပေ။ မိမိ စိတ်ကူးရာ စိတ်ကူးကွက်များ မပါတော့ချေ။ အနုပညာ သဘော၌ မိမိ စိတ်ကူးဖြင့် ငုံယူကာ ဖတ်သူ နှစ်သက်ဖွယ်ရာ ပေါ်လွင်အောင် ရေးသားနိုင်ခြင်းသည် အရေးကြီးလေသည်။

အချစ်ဝတ္ထု သက်သက်များလည်း ပါသည်။ တချို့မှာ မိမိတို့စိတ်၌ နာကျင်စွာ ခံစားမိသမျှကို ဖွင့်ထုတ် အန်ချလိုက်ခြင်း ဖြစ်ဟန်ရှိသည်။ တချို့မှာလည်း စိတ်ကူးယဉ်ကြူး၍ ရေးကြသည်။ မိမိ၏ ခံစားရချက်ကို တစ်ပါးသူအား ထုတ်ဟ ပြောပြခြင်းဖြင့် စိတ်လက် ပေါ့ပါးသွားဟန် ရှိသည်။ ယင်းသို့ တစ်ပါးသူအား ပြောပြလိုသော ဆန္ဒမှပင် စာပေရေးသားခြင်း ဝါသနာ စတင် အမြစ်တွယ်လာတတ်သည်။ သို့သော် မိမိ တစ်ဦးတည်း အရေးအရာ ကိစ္စတစ်ရပ်သည် တိုင်းပြည်အကျိုးနှင့် ဆက်စပ်ခြင်း မရှိပါက ကျဉ်းမြောင်းနေပေလိမ့်မည်။ စာပေ ဆိုသည်မှာ လူအများ (ဝါ) တိုင်းပြည်နှင့် ဆက်စပ် ပတ်သက်နေအပ်သော အရေးအရာ ဖြစ်သင့်ပေသည်။

ဆုဝတ္ထုကို ရွေးချယ်ရာ၌ ကလောင်သစ်များအား ဖွင့်လှစ်သော စိတ်ထားဖြင့် ဖတ်ရှုသည်။ ဝတ္ထုများအနက် အပြစ်အနာ အကင်းရှင်းဆုံးသော ဝတ္ထုကို စိစစ်ရသည်။ ယင်းသို့ စိစစ်ရာတွင် အောက်ပါအချက်ဖြင့် "သိ ကြားစေ" ဝတ္ထုကို ရွေးချယ်ခြင်း ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

> "**သိ ကြားစေ** ဝတ္ထုသည် ယနေ့ခေတ် လူ့ဘောင်ကြီး၏ ဘဝ ရှုန်းကန်မှုကို အခြေပြု၍ထားသော ဝတ္ထု ဖြစ်သည်။ လူ့ဘောင်ကြီး၏ ဘဝ အဖုံဖုံတွင် အောက်အလွှာ စာရေး အမှုထမ်းလောကမှ အညတရ တစ်ဦး၏ သာမန် အဖြစ်အပျက်ကို ဇာတ်အိမ်ဖွဲ့ထားခြင်း ဖြစ်သည်။ ယင်း အညတရ၏ ရုန်းကန်မှုသည်ပင်လျှင် ဘဝ၏ ယေဘုယျ သဘောသကန် သရုပ်ဟန်ကို ထင်ရှားပေါ်လွင်စေပေသည်။ ယင်း အညတရ၏ ဘဝကို ဖော်ပြပုံမှာလည်း သရုပ်ပေါ်လှသည်ဟု ဆိုရပေမည်။"

**ရွှမဝ ဆုရွေးချယ်ရေးအဖွဲ့**